ပုံစံ(၁၁)

**ခုံသမာဓိကောင်စီ**

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**

**{ နည်းဥပဒေ ၂၃(စ) }**

**ခုံအဖွဲ့**

၂၀၁၇ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၇၅/၂၀၁၇)

| | |
|---|---|
| ဦးထွန်းမောင် (အလုပ်ရှင်)<br>Mandalay Bay Co.,Ltd၊<br>အမှတ်၅၅(B-1)၊ ရတနာလမ်း၊<br>ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဒေါ်စောသန္တာနွယ်<br>အမှတ်(၃၄၉)၊ ညောင်ဦး(၂)လမ်း၊<br>(၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ရတနာလမ်း၊ အမှတ်၅၅(B-1)ရှိ Mandalay Bay Co.,Ltd အလုပ်ရှင် ဦးထွန်းမောင်နှင့် ဒေါ်စောသန္တာနွယ်တို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို ကမာရွတ်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် (၉၈/၂၀၁၇) အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ၊ ၂၄ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၂။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ ဒေါ်စောသန္တာနွယ်မှ တောင်းဆိုခြင်းခံရသူ ဦးထွန်းမောင် (အလုပ်ရှင်) ထံတွင် အလုပ်မှထုတ်ပယ်ခံရသဖြင့် နို့တစ်ကြေးနှင့်နစ်နာကြေးပေးရန် တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၃။ တိုင်တောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ကောက်ချက်(၁)
ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ အလုပ်ရှင်မှ အောက်ပါကောက်ချက် အမှတ်(၁)ပေါ်တွင်
ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်ရပ်စဲခံရသူ ဒေါ်စောသန္တာနွယ်အား နို့တစ်ကြေးနှင့် အလုပ်ရပ်စဲမှု နစ်နာကြေး ပေးသင့်/မသင့်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** အလုပ်သမား ဒေါ်စောသန္တာနွယ်အား အလုပ်ရှင်မှ လျော်ကြေးငွေ ၃၀၀၀၀၀ကျပ်/- (ကျပ်သုံးသိန်းတိတိ)အား ထုတ်ပေးရန်ဆုံးဖြတ်သည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၇၈/၂၀၁၇) ဆုံးဖြတ်ချက်
အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် အလုပ်ရှင်ဘက်မှ ခုံသမာဓိကောင်စီသို့ လျှောက်ထားခဲ့ရာ
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်
ကြော်ငြာစာအမှတ် (၈၃/၂၀၁၇)ဖြင့် ခုံသမာဓိကောင်စီ အမှုအမှတ်(၇၅/၂၀၁၇) အား ကြားနာစစ်ဆေး
မည့် အစိုးရကိုယ်စားလှယ် ဦးအောင်သန်း၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးညွန့်စိန်၊ အလုပ်သမား
ကိုယ်စားလှယ် ဦးသိန်းကြွယ်တို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၅။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အမှုတွဲကိုလက်ခံရရှိပြီးနောက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေး
အဖွဲ့နှင့် ခုံသမာဓိအဖွဲ့၏ မှတ်တမ်းများ၊ တင်ပြလာသောစာရွက်စာတမ်းများ၊ အထောက်အထား
သက်သေခံများ၊ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာများ၊ နှစ်ဖက်
ထွက်ဆိုချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်းကောက်ချက်ရေးဆွဲပြီး စီရင်ဆုံးဖြတ်လိုက်သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်ရပ်စဲခံရသူ ဒေါ်စောသန္တာနွယ်အား နို့တစ်ကြေးနှင့် အလုပ်ရပ်စဲမှု နစ်နာကြေး ပေးသင့်/မသင့်။

<u>တွေ့ရှိချက်</u>

၆။ အလုပ်သမား ဒေါ်စောသန္တာနွယ်က (၁-၈-၂၀၁၇) ရက်စွဲဖြင့် ကမာရွတ်မြို့နယ်ညှိနှိုင်းဖျန်ဖြေ
ရေးအဖွဲ့သို့ တိုင်ကြားစာတွင် (၁) (၁၆-၁-၂၀၁၇) ရက်နေ့မှစ၍ အလုပ်ဝင်ပြီး (၄/၂၀၁၇) လပိုင်း
အကုန်တွင် marketing သို့ ပြောင်းရွှေ့သည့်အတွက် လုပ်ကိုင်ခဲ့ကြောင်း၊ (၂) နေမကောင်းသဖြင့် (၁၂-
၇-၂၀၁၇) ရက်နေ့မှ (၁၅-၇-၂၀၁၇) ရက်နေ့အထိ ခွင့်ယူခဲ့ပြီး၊ (၁၆-၇-၂၀၁၇) ရက်နေ့တွင် အပြစ်မရှိဘဲ
အလုပ်မှထုတ်ပယ်ခဲ့ကြောင်း၊ (၃) ဥပဒေမဲ့အလုပ်ထုတ်ခြင်းအပေါ် ဥပဒေနှင့်အညီ ညှိနှိုင်းပေးစေရန်
လိုကြောင်းတင်ပြခဲ့ပါသည်။

၇။ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ (၂၁-၈-၂၀၁၇) ရက်နေ့၊ (၂၂-၈-၂၀၁၇) ရက်နေ့နှင့် (၂၃-၈-၂၀၁၇) ရက်နေ့များတွင် ညှိနှိုင်းခဲ့ပါသည်။

၈။ အလုပ်သမားက မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းရာတွင် ထွက်ဆိုချက်များမှာ (၁) (၅/၂၀၁၇) လပိုင်း၊ (၆/၂၀၁၇) လပိုင်းတွင် marketing ဆင်း၍ လုပ်ကိုင်ခဲ့ကြောင်း၊ (၂) marketing ဆင်းရာတွင် စိုင်းသိန်းထိုက်အောင်နှင့်အတူတွဲထွက်ကြောင်း၊ ငွေနှင့်ပြေစာကို စိုင်းသိန်းထိုက်အောင်မှ သိမ်းဆည်းစာရင်းပြုခြင်းကို ဆောင်ရွက်ကြောင်း၊ (၃) (၇/၂၀၁၇) လပိုင်းတွင် နေမကောင်း၍ ခွင့်ယူသောရက်များတွင် မည်သည့်အကြောင်းကြားခြင်းမှမရှိဘဲ ရုံးပြန်တက်သောရက်တွင် အထောက်အထားစာရွက်စာတမ်းများရှင်းလင်း၍ ကရဝိတ်ငွေများရှင်းလင်းမထား၍ လျော်ပေးရန် အကျပ်ကိုင်ခြိမ်းခြောက်ပြီးငွေလျော်ခိုင်းရာ ၎င်းငွေများနှင့် ပြေစာများသည် ကျွန်မကိုင်တွယ်ထားခြင်းမရှိ၊ ၎င်းတို့အား ကျွန်မနှင့်အတူပါသော သူဌေးလူယုံအားပေးအပ်ပြီးဖြစ်ကြောင်း၊ (၄) အထောက်အထားစာရွက်စာတမ်း၊ ဖိုင်များအားလုံးကို လုပ်ငန်းမှသိမ်းဆည်းထား၍ တင်ပြစရာများမကျန်ရှိခဲ့၍ တစ်ဖက်မှတစ်ဖက်သတ် ထုတ်နှုတ်တင်ပြလာသော အထောက်အထားများကိုကြည့်၍ ညှိနှိုင်းခြင်းများသာရင်ဆိုင်ခဲ့ရကြောင်း၊ (၅) (၁၆-၇-၂၀၁၇) ရက်နေ့၊ အလုပ်ပြန်ဝင်ချိန်တွင် စာရွက်စာတမ်း၊ ဖိုင်တွဲ၊ ကွန်ပျူတာနှင့် Stick များအား လုပ်ငန်းမှ ရှင်းလင်းထားပြီး၊ ကရဝိတ်မှငွေများရှင်းလင်းပေးရန် အကျပ်ကိုင်လက်မှတ်ရေးထိုးခိုင်းသည်ကို လက်မခံခဲ့ကြောင်း၊ (၂၂-၇-၂၀၁၇) ရက်နေ့ အလုပ်ဆင်းရာတွင် အလုပ်မှရပ်စဲသည်ကို ပြောဆိုခဲ့ကြောင်း၊ မည်သည့်ဖြေရှင်းချက်မှမပေးခဲ့ရကြောင်း၊ အလုပ်ထုတ်နို့တစ်စာမပေးခဲ့ကြောင်းနှင့် ညှိနှိုင်းခြင်းမရှိခဲ့ကြောင်း စသောအချက်များတင်ပြခဲ့ပါသည်။

၉။ အလုပ်သမားက ခုံသမာဓိအဖွဲ့သို့ (၄-၉-၂၀၁၇) ရက်စွဲဖြင့် တင်ပြသော တောင်းဆိုလွှာတွင် (၁) ကြိုတင်အသိပေးအကြောင်းကြားခြင်းမရှိသော နို့တစ်ကြေးနှင့် ဥပဒေမဲ့အလုပ်ထုတ်နစ်နာကြေးပေးရန်၊ (၂) လုပ်ခလစာ(၂၂)ရက်စာ ဆင်းထားခြင်းအား (၅)ရက်စာသာထုတ်ပေးခြင်းအတွက် ကျန်သောရက်အတွက် လစာရရှိရန်၊ (၃) (၁၆-၁-၂၀၁၇)ရက်နေ့မှ (၂၂-၇-၂၀၁၇) ရက်နေ့အထိ လုပ်ငန်းတာဝန်ထမ်းဆောင်ချိန်အတွင်း ဆင်းရသောအချိန်ပိုလုပ်ခလစာများပေးရန်၊ (၄) သတ်မှတ် Target ပြည့်မီအောင် လုပ်ဆောင်နိုင်သည့်အတွက် အရောင်းကော်မရှင်ခံစားခွင့်များရရှိရန်၊ (၅) စာနာထောက်ထားမှုမရှိဘဲ ဖိအားပေး ဖိနှိပ်ပညာပြမှု၊ အကျပ်ကိုင်ခြိမ်းခြောက်လုပ်ကိုင်မှုကြောင့် ကိုယ်ဝန်ပျက်ကျဆုံးရှုံးရခြင်းနှင့် လူ့အသက် (၁)ချောင်း ပျက်စီးဆုံးရှုံးရခြင်းများအတွက် ကုန်ကျစရိတ်ထောက်ပံ့လျော်ကြေးပေးရန်၊ (၆) အလုပ်ရှင်မှ တစ်ဖက်သတ်အမှုဖွင့်ထားခြင်းအတွက် အလုပ်သမားတစ်ယောက်မှ ဖြေရှင်းရမည့်အနေအထား၊ ကုန်ကျစရိတ်များအား ဥပဒေအကာအကွယ်ပေးနိုင်ရန် စသောအချက်များဖော်ပြထားပါသည်။

၁၀။ အလုပ်သမားမှ (၂၂-၉-၂၀၁၇)ရက်နေ့၊ ခုံသမာဓိအဖွဲ့၊ အဖွဲ့ခွဲမှုအမှုစစ်ဆေးစဉ်တွင် ထွက်ဆိုချက်များမှာ (၁) စခန့်စဉ်က ၄၀၀၀၀၀ကျပ်/-ဖြင့် Admin Manager လုပ်ခဲ့ကြောင်း၊ (၁၁-၄-၂၀၁၇) ရက်နေ့ခန့်တွင် Marketing ၌ စလုပ်ခဲ့ကြောင်း၊ (၂) သူဌေးကိုယ်စားလှယ် ခိုင်းသိန်းထိုက်အောင်နှင့် ကျွန်မကို Marketing ဆင်းခိုင်းရာ (၅/၂၀၁၇) လဝက်ခန့်မှစ၍ သူနှင့်အတူ သွားလာလုပ်ကိုင်ခဲ့ကြောင်း၊ (၃) ငွေ၊ ဘောက်ချာစာရင်းများကို တာဝန်ခံဖြစ်သည့် ခိုင်းသိန်းထိုက်အောင်မှ ယူလိမ့်မည်ဟု MD က အစည်းအဝေးမှာပြောကြားခဲ့ရာ ကရဝိတ်ဆိုင်မှ သိမ်းလို့ရသည့်ငွေ၊ အခြားဆိုင်များမှ သိမ်း၍ ရငွေများကိုကားပေါ်ရောက်သည့်အခါ ၌ ဦးခိုင်းသိန်းထိုက်အောင်အားငွေစာရင်း၊ ဘောက်ချာတွေကိုအပ်ကြောင်း၊ (၄) တစ်လဆိုင်းမှာ Summit Park View နှင့် Sedona တို့ဖြစ်ပြီး၊ ကရဝိတ်မပါဝင်ကြောင်း၊ (၅) (၇/၂၀၁၇) လပိုင်း ၁၀ ရက်နေ့မှ ၁၄ ရက်နေ့အထိ ခွင့်ယူခဲ့ပြီး၊ ၁၅ ရက်နေ့မှာ ကိုယ်ရေးကိုယ်တာ စာရွက်စာတမ်း၊ အထောက်အထား၊ ကွန်ပျူတာစတစ်၊ ဒိုင်ယာရီစာအုပ်များကို လုပ်ငန်းမှသိမ်းဆည်းခဲ့ကြောင်း၊ (၆) ကရဝိတ်မှ ငွေ ၁၉၆၂၈၂၂ ကျပ်နှင့်စပ်လျဉ်း၍ ကျွန်မလုပ်ခဲ့တာမဟုတ်၊ သူဌေး၏ကိုယ်စားလှယ် လုပ်ကိုင်ခဲ့တာဖြစ်ကြောင်း၊ တစ်ခုခုမှားနေပြီဖြစ်သည်ဟုပြောခဲ့ကြောင်း၊ (၇) ထိုကိစ္စအတွက် ဖိအားအမျိုးမျိုးပေးခဲ့ပြီး (၂၂-၇-၂၀၁၇) ရက်နေ့တွင် အလုပ်ရပ်ဆိုင်းသည်ဟု ပြောခဲ့ကြောင်း၊ (၈) အလုပ်သမားများနှင့်စပ်လျဉ်း၍ ကုမ္ပဏီစည်းမျဉ်းစည်းကမ်းများရှိကြောင်း ထွက်ဆိုခဲ့ပါသည်။

၁၁။ အလုပ်ရှင်ဘက်မှ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ညှိနှိုင်းရာတွင် ထွက်ဆိုချက်များမှာ (၁) ငွေအပ်လျှင် Report ဖြင့် လွှဲအပ်ရပြီး၊ ရုံးချိန်အတွင်း Cashier ထံအပ်၍ ရုံးချိန်ပြီးဆုံးချိန်အပ်လျှင် Report ဖြင့် ခိုင်းသိန်းထိုက်အောင်ထံ အပ်နှံရကြောင်း၊ Report ဖြင့် အပ်ငွေကိုသာလက်ခံကြောင်း၊ ဒေါ်စောသန္တာနွယ်သည် ခိုင်းသိန်းထိုက်အောင်ထံ ငွေအပ်နှံထားခြင်းမရှိကြောင်းနှင့် ကရဝိတ်အရောင်းကို ရုံးသို့အကြွေးစာရင်းဖြင့်သာ ပြထားကြောင်း၊ (၂) ဒေါ်စောသန္တာနွယ်ကိုယ်တိုင်ပစ္စည်းပို့ခြင်း၊ ငွေလက်ခံခြင်းတို့ကို သူတစ်ဦးတည်းလုပ်ဆောင်ကြောင်း၊ (၃) ကရဝိတ်စားသောက်ဆိုင်သို့ ပေးပို့ထားသည့်ပစ္စည်းအတွက် တန်ဖိုးကြွေးကောက်ယူရန်သတ်မှတ်ချိန်ရောက်ရှိ၍ ကရဝိတ်ဆိုင်သို့ အကြောင်းကြားခိုင်းရာ သူဌေးခရီးသွားနေ၍ ကောက်ယူရန်မဖြစ်နိုင်ကြောင်း ပြန်လည်တင်ပြခဲ့သကဲ့သို့ ကရဝိတ်ဆိုင်မှ တာဝန်ရှိသူနှင့် မျက်နှာချင်းဆိုင်တွေ့ဆုံရှင်းခိုင်းရာ ရှင်းလင်းပေးခြင်းမရှိဘဲ အချိန်ဆွဲနေခဲ့ကြောင်း၊ (၄) (၈-၇-၂၀၁၇) ရက်နေ့မှစ၍ ဒေါ်စောသန္တာနွယ် နေမကောင်းဟူသောအကြောင်းပြချက်ဖြင့် လာရောက်ခြင်းမရှိခဲ့ကြောင်း၊ (၅) အရစ်ကျပေးချေရန်ညှိနှိုင်းသော်လည်း မပေးနိုင်ဟုပြောခဲ့ကြောင်း၊ (၆) ဘူမနေထိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှတဆင့် လာရောက်ဖြေရှင်းရန် အကြောင်းကြားစာနှင့် အလုပ်မှထုတ်ပယ်ကြောင်း အကြောင်းကြားစာကို (၂၈-၇-၂၀၁၇) ရက်နေ့တွင် ပေးပို့ခဲ့

ကြောင်း၊ (၃၁-၇-၂၀၁၇) ရက်နေ့တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် အရစ်ကျဖြင့်ငွေပေးရန် ညှိနှိုင်းသော်လည်း လက်မခံခဲ့ကြောင်း စသောအချက်များပါရှိခဲ့ပါသည်။

၁၂။ အလုပ်ရှင်ဘက်မှ ခုံသမာဓိအဖွဲ့သို့ (၁၂-၉-၂၀၁၇) ရက်နေ့ခဲ့ဖြင့် တင်ပြသည့်ချေပလွှာတွင် (၁) Summit Park View Hotel နှင့် ကရဝိတ်စားသောက်ဆိုင်များသို့ (၁) လ အကြွေးစနစ်ဖြင့် ရောင်းချပေးရန် တောင်းဆိုခဲ့သဖြင့် ခွင့်ပြုခဲ့ကြောင်း၊ (၂) (၂၉-၅-၂၀၁၇) ရက်နေ့မှ (၂၉-၆-၂၀၁၇) ရက်နေ့အထိ ပေးပို့ထားသောပစ္စည်းအတွက် ငွေကိုမိမိကိုယ်တိုင်သွားရောက်ကောက်ခံမည်ဟု ဒေါ်စောသန္တာနွယ်မှ ပြော၍ စိုင်းသိန်းထိုက်အောင်နှင့်အတူသွားရန် တာဝန်ပေးခဲ့ရာ အကြောင်းအမျိုးမျိုးပြ၍ ကုမ္ပဏီသို့ မလာခဲ့ကြောင်း၊ (၃) (၈-၇-၂၀၁၇) ရက်နေ့မှ (၁၄-၇-၂၀၁၇) ရက်နေ့အထိ အလုပ်မဆင်းသဖြင့် စိုင်းသိန်းထိုက်အောင်အား (၁၄-၇-၂၀၁၇) ရက်နေ့၌ ငွေကိုသွားရောက်ကောက်ခံစေရာ ကုန်ပစ္စည်း တန်ဖိုး ၁၉၆၂၈၂၂ ကျပ်ကို ဒေါ်စောသန္တာနွယ်က အလျဉ်းသင့်သလိုထုတ်ယူပြီးဖြစ်သည်ဟု သိရှိရကြောင်း၊ (၄) (၁၅-၇-၂၀၁၇) ရက်နေ့တွင် ဒေါ်စောသန္တာနွယ် ကုမ္ပဏီသို့ရောက်ရှိလာသဖြင့် ငွေကြေးကိစ္စဖြေရှင်းပေးရန်မေးရာ ပြေလည်အောင်ဖြေရှင်းပေးမည်ဟုပြောပြီး ပြန်သွားကြောင်း၊ ကုမ္ပဏီမှ လာရောက်ဖြေရှင်းရန် ဖုန်းဖြင့်အကြိမ်ကြိမ်ဆက်မှ (၂၀-၇-၂၀၁၇) ရက်နေ့၊ ညနေ (၅:၀၀)နာရီကျော်တွင် ရောက်ရှိလာပြီး ငွေကြေးအရှုပ်အရှင်းအား ဖြေရှင်းမည်ဟု အာမခံပြောကြားခဲ့ကြောင်း၊ (၂၀-၇-၂၀၁၇) ရက်နေ့မှ (၂၈-၇-၂၀၁၇) ရက်နေ့အထိ ကုမ္ပဏီသို့ လာရောက်ခြင်း၊ ဖြေရှင်းခြင်းမရှိခဲ့ကြောင်း၊ (၅) (၂၈-၇-၂၀၁၇) ရက်နေ့၊ ညနေတွင် ၎င်းအားအလုပ်ထုတ်ပယ်စာနှင့် ငွေကြေးကိစ္စဖြေရှင်းရန် အကြောင်းကြားစာကို ရွှေပြည်သာမြို့နယ်၊ (၁၀)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှတဆင့် ပေးပို့ခဲ့ကြောင်း၊ (၆) (၃၁-၇-၂၀၁၇) ရက်နေ့တွင် လာရောက်ခြင်းမရှိသဖြင့် အုပ်ချုပ်ရေးရုံးမှတဆင့် သွားရောက်ခေါ်ဆောင်၍ အရစ်ကျပေးသွင်းရန် ညှိနှိုင်းဖြေရှင်းရာ လက်မခံငြင်းဆန်ခဲ့ကြောင်း စသောအချက်များပါရှိပါသည်။

၁၃။ အလုပ်ရှင်ဘက်မှ (၂၂-၉-၂၀၁၇) ရက်နေ့တွင် ခုံသမာဓိအဖွဲ့၊ အဖွဲ့ခွဲမှ အမှုစစ်ရာတွင် ထွက်ဆိုချက်များမှာ (၁) Marketing ပိုင်းဝင်ချိန်တွင် ကရဝိတ်နှင့် Summit ကို တစ်လအကြွေးချစနစ်ဖြင့် လုပ်ပေးရန် ခွင့်တောင်းခဲ့ရာ လုပ်ခွင့်ပေးခဲ့ကြောင်း၊ (၂) ပစ္စည်းသွားပို့ရာတွင် Marketing ဌာနမှ ဝန်ထမ်းများ တစ်ခါတစ်လေပါပြီး စိုင်းသိန်းထိုက်အောင်နှင့် နှစ်ဦးတည်းသွားသောအခါလည်း ရှိကြောင်း၊ (၃) ပို့ရသည့်ပစ္စည်းအတွက် ငွေပြန်အပ်သောအခါ အကြွေးဆိုရင်အကြွေး၊ လက်ငင်းဆိုရင် လက်ငင်းဆိုပြီး စာရင်းရှိကြောင်း၊ ပိုက်ဆံသိမ်းသူတွေကိုယ်တိုင်လက်မှတ်ထိုးပြီး Cashier ကို အပ်ရကြောင်း၊ Summit နှင့် ကရဝိတ်တို့မှာ တစ်လဆိုင်းဖြစ်၍ အကြွေးစာရင်းထဲ ထည့်မထားပါကြောင်း၊ (၄) ငွေပေးရန် တစ်လပြည့်ချိန် ငွေကောက်ခံရေး (၅-၇-၂၀၁၇) ရက်နေ့တွင် ဒေါ်စောသန္တာနွယ်အား ပြောရာ သူကိုယ်တိုင်လိုက်လံကောက်ခံမည်ဟု ပြောခဲ့ပြီး၊ ထိုနောက်ပိုင်းတွင် ရုံးသို့ထပ်မံလာရောက်

ခြင်းမရှိကြောင်း၊ နေမကောင်းဟုအကြောင်းပြခဲ့ပြီး (၁၃-၇-၂၀၁၇) ရက်နေ့အထိ ဖုန်းဆက်ရာ မကိုင်သဖြင့် (၁၄-၇-၂၀၁၇) ရက်နေ့တွင် ကုမ္ပဏီမှ ကရင်တိုက်သို့သွား၍တောင်းရာ ရှင်းပေးပြီးမှုကို အထောက်အထားနှင့် လုပ်ငန်းမှရှင်းပြခဲ့ကြောင်း၊ (၅) (၁၅-၇-၂၀၁၇) ရက်နေ့တွင် ဒေါ်စောသန္တာနွယ် ရုံးသို့လာသောအခါ သူကိုယ်တိုင်ရှင်းပေးမည်ဟုပြောခဲ့ပြီး၊ ကရင်တိုက်သို့ စိုင်းသိန်းထိုက်အောင်နှင့်အတူ သွားနိုင်းရာ ရောက်အောင်မသွားခဲ့ကြောင်း၊ (၆) (၂၀-၇-၂၀၁၇) ရက်နေ့တွင် ဒေါ်စောသန္တာနွယ် ရုံးဆင်းချိန်နောက်ပိုင်းရောက်လာ၍ ငွေကြေးကိစ္စညှိနှိုင်းရာ ပြေလည်မှုမရခဲ့ပါ။ (၃၁-၇-၂၀၁၇) ရက်နေ့တွင် ရက်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ညှိနှိုင်းသော်လည်း အလုပ်သမားက လက်မခံခဲ့ကြောင်း၊ (၇) ဒေါ်စောသန္တာနွယ်အပါအဝင် အရောင်းကိုယ်စားလှယ်အားလုံး ကောက်ခံရရှိငွေကို သူဌေး၏ လူယုံ စိုင်းသိန်းထိုက်အောင်ထံအပ်နှံရမည်ဟု ညွှန်ကြားထားသလားဆိုလျှင် Cashier မှတဆင့် သူဌေးလူယုံ စိုင်းသိန်းထိုက်အောင်ကို အပ်နှံရမည်ဟုသိကြောင်း၊ စိုင်းသိန်းထိုက်အောင်အား တိုက်ရိုက်အပ်နှံရမည်ဟု မသိကြောင်း စသောအချက်များဖြစ်ပါသည်။

၁၄။ (၃-၁၀-၂၀၁၇) ရက်နေ့တွင် ခုံသမာဓိအဖွဲ့၊ အဖွဲ့ခွဲ(ဦးကျော်နီဦး၊ ဦးအောင်ကျော်ထွန်းနိုင်ဦး၊ ဦးကျင်သိန်း)တို့က ကွင်းဆင်း၍ စာရင်းကိုင် ဒေါ်ခင်စောမူအား စစ်ဆေးချက်အရ ထွက်ဆိုချက်များမှာ (၁) ပစ္စည်းပို့သူမှ နေ့စဉ်ကိုယ်တိုင်အပ်ရကြောင်း၊ (၂) ပစ္စည်းပို့ရာတွင် တစ်ဦးတည်း သို့မဟုတ် အဖွဲ့နှင့်လည်းသွားရကြောင်း၊ (၃) ငွေအပ်ရာတွင် အချိန်လွန်သွားပါက ပလပ်စတစ်အိတ်ပိတ်၊ တိပ်ကပ်၊ ရက်စွဲနှင့် လက်မှတ်ထိုး၊ ငွေစာရင်းထည့်၍ ငွေကိုင်မှသာ ဖွင့်၍လက်ခံကြောင်း၊ ဘဏ်အပ်ပါကြောင်း၊ (၄) ဒေါ်စောသန္တာနွယ်အား စိုင်းသိန်းထိုက်အောင်ထံ ငွေကြေးအပ်နှံရန် သူဌေးမှ ညွှန်ကြားခဲ့ခြင်း မရှိခဲ့ကြောင်း၊ ဒေါ်စောသန္တာနွယ်မှ ငွေကိုင်ထံသာအပ်ရကြောင်း စသောအချက်များဖြစ်ပါသည်။

၁၅။ (၁၉-၁၀-၂၀၁၇) ရက်နေ့၊ ခုံသမာဓိအဖွဲ့၊ အဖွဲ့ခွဲက အလုပ်သမား ဒေါ်စောသန္တာနွယ်အား စစ်ဆေးရာတွင် (၂၂-၉-၂၀၁၇) ရက်နေ့က ထွက်ဆိုချက်များ၌ မပါရှိသေးသည့်ထွက်ဆိုချက်များမှာ (၁) လက်ရှိအပ်ထားသော အထဲမှာ Summit ကလွဲပြီး ကျန်ဟာကို အကြွေးလို့သတ်မှတ်ပြီး လက်မှတ်ထိုးထားခြင်းမရှိကြောင်း၊ (၂) ဦးစိုင်းသိန်းထိုက်အောင်နှင့် နှစ်ဦးတည်းသာသွားလာ၍ Marketing ပြုလုပ်ခဲ့ကြောင်း၊ (၃) ရုံဖန်ရံခါ နောက်တစ်ခေါက်မှပေါင်းရှင်းရန်ပြောသောအခါ ငွေမပါသော ပြေစာများကို စိုင်းသိန်းထိုက်အောင်အား အပ်ကြောင်း၊ နောက်တစ်ခေါက်ပစ္စည်းပို့ချိန်တွင် အရင်က ပြေစာသာအပ်ပြီး ရှင်းလင်းရန်ကျန်ငွေနှင့် ထပ်မံပေးပို့ရရှိသော ငွေကြေးများ၊ ဘောက်ချာ ပြေစာနှင့်တကွ စိုင်းသိန်းထိုက်အောင်အား ပူးတွဲအပ်နှံကြောင်း၊ (၄) နေ့စဉ်မိမိ၏အရောင်းစာရင်းများကို ကိုယ်ပိုင် စာရင်းလုပ်ပါကြောင်း၊ မိမိစားပွဲတွင် ထည့်ထားခဲ့ရာ ခွင့်ယူစဉ်တွင် ကုမ္ပဏီမှ အားလုံးရှင်းလင်းသိမ်းဆည်းထားကြောင်း စသောအချက်များဖြစ်ပါသည်။

၁၆။ (၁၉-၁၀-၂၀၁၇) ရက်နေ့တွင် ခုံသမာဓိအဖွဲ့၊ အဖွဲ့ခွဲက အလုပ်ရှင်၏ကိုယ်စားလှယ် ဦးထက်ဖေဟိန်းအား စစ်ဆေးရာတွင် (၂၂-၉-၂၀၁၇) ရက်နေ့က ထွက်ဆိုချက်များ၌မပါရှိသေးသည့် ထွက်ဆိုချက်များမှာ (၁) ဒေါ်စောသန္တာနွယ်က Mandalay Bay ဖြင့် လုပ်ပေးပါဆို၍ Mandalay Bay ဖြင့် ဘောက်ချာပြုလုပ်ခဲ့ကြောင်း၊ Mandalay Bay နှင့် ယုန်မင်းမှာ ကုမ္ပဏီအတူတူဖြစ်ကြောင်း၊ (၂) (၂၂-၇-၂၀၁၇) ရက်နေ့တွင် ရုံးတက်သည်မှာမဟုတ်ကြောင်း၊ စာရွက်စာတမ်းသိမ်းဆည်းထားသည်မှာမဟုတ်ကြောင်း၊ Stick ထုတ်ပေးထားခြင်းလည်းမရှိကြောင်း၊ မိမိ Stick ကို ယူမထားကြောင်း စသောအချက်များဖြစ်ပါသည်။

၁၇။ (၁၉-၁၀-၂၀၁၇) ရက်နေ့တွင် ခုံသမာဓိအဖွဲ့၊ အဖွဲ့ခွဲက ဦးစိုင်းသိန်းထိုက်အောင်အား စစ်ဆေးရာတွင် (၂၂-၉-၂၀၁၇) ရက်နေ့က ထွက်ဆိုချက်များ၌ မပါရှိသေးသည့် ထွက်ဆိုချက်များမှာ (၁) မိမိနှင့် အတူသွားချိန်တွင် ဒေါ်စောသန္တာနွယ်က ငွေအပ်သည်ဆိုသည်မှာမဟုတ်ပါ။ ဘယ်နှစ်ကြိမ်မှ မအပ်ဖူးပါ။ မိမိမှာ Cashier လည်းမဟုတ်ကြောင်း၊ သူဌေးက မိမိကိုငွေအပ်ရမည်ဟုမပြောပါ။ Cashier ကိုသာအပ်ပါဟုပြောကြောင်း၊ (၂) ဒေါ်စောသန္တာနွယ်နှင့်ပတ်သက်၍ မိမိအား အာဏာပေးမထားပါ။ ဦးထက်ဖေဟိန်းကို အာဏာပေးထားကြောင်း၊ (၃) Cashier ရုံးချိန်ပြီးပြန်သွားသောအခါ မိမိအား ငွေအပ်တာကိုလက်ခံကြောင်း၊ မနက်ရောက်လျှင်အပ်သောငွေကို Cashier ထံပြန်အပ်ကြောင်း၊ (၄) ငွေကို မိမိအားအပ်ရမည်ဟု သူဌေးကညွှန်ကြားထားသည်ဟု ဒေါ်စောသန္တာနွယ်က ပြောသည်ကို မသိပါကြောင်း၊ တစ်ကြိမ်တစ်ခါမှ အပ်ခဲ့ဖူးခြင်းမရှိကြောင်း စသောအချက်များဖြစ်ပါသည်။

<u>ခုံသမာဓိအဖွဲ့၏ သုံးသပ်ချက်</u>

၁၈။ ခုံသမာဓိအဖွဲ့၏ သုံးသပ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကြိုတင်အကြောင်းကြားခြင်းမရှိသော နို့တစ်ကြေး၊ ဥပဒေမဲ့ အလုပ်ထုတ်နစ်နာကြေး ကိစ္စကိုသာ စဉ်းစားဆုံးဖြတ်မည်ဖြစ်ကြောင်း၊

(ခ) ကာရစ်တ်ပေါ်တယ်သို့ ဒေါ်စောသန္တာနွယ်မှ ပစ္စည်းပို့ရာတွင် ငွေရှင်းမှုကိုတစ်လဆိုင်းပြီး အလီလီငွေထုတ်ခဲ့၍ ကုမ္ပဏီသို့ ငွေအပ်နှံမှုမရှိခြင်း၊ ပြန်လည်ပေးဆပ်ရန်ငြင်းပယ်ခြင်းကြောင့် ငွေကြေးအလွဲသုံးစားမှုကျူးလွန်ခဲ့ခြင်းဖြစ်သည်ဟု ကြီးလေးသောပြစ်မှုသတ်မှတ်ပြီး၊ အလုပ်ရှင်မှ အလုပ်ထုတ်ပယ်ခဲ့သည့်အတွက် နို့တစ်ကြေးနှင့် နစ်နာကြေး ပေးသင့်/မသင့်၊ စဉ်းစားဆုံးဖြတ်ရန်လိုအပ်ကြောင်း၊

(ဂ) ဒေါ်စောသန္တာနွယ်သည် ဦးစိုင်းသိန်းထိုက်အောင်အား ငွေအပ်နှံသည်ဟု ထွက်ချက်ရှိသဖြင့် ဒေါ်စောသန္တာနွယ်နှင့် ဦးစိုင်းသိန်းထိုက်အောင်တို့နှစ်ဦးမှ ပိုင်ရှင်ရှေ့တွင် မျက်နှာစုံညီဖြေရှင်းသင့်သော်လည်း မျက်နှာစုံညီဖြေရှင်းမှုမပြုခဲ့ကြောင်း၊

(ဃ) ဦးစိုင်းသိန်းထိုက်အောင်အား စစ်ဆေးချက်အရ ငွေများကို ဒေါ်စောသန္တာနွယ်မှ ယင်းအား အပ်နှံမှုမရှိကြောင်း၊

(င) အလုပ်သမားအပေါ် အမှုဖွင့်အရေးယူထားမှုရှိသဖြင့် ခုံသမာဓိအဖွဲ့အနေဖြင့် တောင်းဆိုထားသော နို့တစ်ကြေးနှင့် ရပ်စဲမှုနစ်နာကြေးသည် တရားဥပဒေနှင့်ဆက်စပ်နေသောကြောင့် တစ်စုံတစ်ရာဆုံးဖြတ်ခြင်းမပြုဘဲ အလုပ်သမားအနေဖြင့် ကျန်းမာရေးမကောင်းမှု၊ အလုပ်လက်မဲ့ဖြစ်မှုအပေါ် လူမှုကရုဏာကြေးပေးသင့်ကြောင်း၊

**<u>ခုံအဖွဲ့တွင်ဆောင်ရွက်ချက်</u>**

၁၉။ အလုပ်ရှင်မှ ခုံသမာဓိကောင်စီသို့ (၃၀-၁၀-၂၀၁၇) ရက်စွဲဖြင့် တင်ပြသည့်စာတွင် (၁) Summit Park View Hotel ၊ ကရဝိတ်စားသောက်ဆိုင်နှင့် အခြားဆိုင်များအား ရောင်းချခွင့်ပြုရာတွင် ထိုဆိုင်နှစ်ဆိုင်အား အကြွေးဖြင့် ရောင်းချပေးရန် တောင်းဆိုတင်ပြသဖြင့် ရောင်းချခွင့်ပြုခဲ့ကြောင်း၊ (၂) အကြွေးရောင်းချနေရာအား ၎င်းကိုယ်တိုင်ပစ္စည်းပို့ခဲ့ကြောင်း၊ ဦးစိုင်းသိန်းထိုက်အောင်၊ Market Supervisor ဦးသန်းလှိုင်နှင့် ရုံဖန်ရုံခါ ဦးထက်ဇေဟိန်းတို့နှင့် သွားရောက်ခဲ့ကြောင်း၊ လမ်းကြောင်းနှင့်အလျဉ်းသင့်သော အခြားဆိုင်များ၏ပစ္စည်းကို တပါတည်းရောင်းချပေးခဲ့ကြောင်း၊ (၃) အခြားဆိုင်များ၏ ငွေအား ငွေစာရင်းရှင်းတမ်း(Daily Report) ဖြင့်သာ ငွေကိုင်ဝန်ထမ်း ဒေါ်ခင်စောမူထံ လက်မှတ်ထိုးအပ်နှံရကြောင်း၊ ကုမ္ပဏီရှိဝန်ထမ်းအားလုံး အလားတူလက်မှတ်ထိုးအပ်နှံရကြောင်း၊ (၄) (၂၅-၅-၂၀၁၇)ရက်နေ့မှ (၂၉-၆-၂၀၁၇) ရက်နေ့အထိ ရောင်းချရငွေကောက်ယူရန်ကာလရောက်ရှိသဖြင့် သွားရောက်ကောက်ခံရန်ပြင်ဆင်ချိန်တွင် ဒေါ်စောသန္တာနွယ်က တာဝန်ယူကောက်ခံမည်ဟု ပြောသဖြင့် ဦးစိုင်းသိန်းထိုက်အောင်နှင့်အတူ သွားရောက်ကောက်ယူရန် တာဝန်ပေးအပ်ခဲ့ကြောင်း၊ (၅) ထိုအချိန်မှစ၍ (၇-၇-၂၀၁၇) ရက်နေ့အထိသာ အလုပ်ဆင်းခဲ့ကြောင်း၊ (၁၄-၇-၂၀၁၇) ရက်နေ့တွင် ဦးစိုင်းသိန်းထိုက်အောင်အား ရောင်းချရငွေ သွားရောက်ကောက်ယူစေရာ (၂၅-၅-၂၀၁၇) ရက်နေ့မှ (၂၉-၆-၂၀၁၇) ရက်နေ့အထိ ရောင်းချပစ္စည်းတန်ဖိုး ၁၉၆၂၈၂၂ ကျပ်ကို ဒေါ်စောသန္တာနွယ်မှ အလျဉ်းသင့်သလို ထုတ်ယူသွားမှုကိုစစ်ဆေးတွေ့ရှိပြီး ကုမ္ပဏီသို့ စာရွက်စာတမ်းနှင့်တကွ ပြန်လည်အပ်နှံမှုမရှိခဲ့ကြောင်း၊ (၆) (၁၅-၇-၂၀၁၇)ရက်နေ့တွင် ဒေါ်စောသန္တာနွယ် ကုမ္ပဏီသို့ ရောက်လာသဖြင့် ငွေကြေးကိစ္စမည်သို့ဆောင်ရွက်ပေးမည်ကိုမေးရာ ပြေလည်အောင်ဆောင်ရွက်ပေးမည်ဟုပြောခဲ့ကြောင်း၊ ငွေကြေးကိစ္စဖြေရှင်းရန်အကြိမ်ကြိမ်ဖုန်းဆက်ခဲ့ကြောင်း၊ (၂၀-၇-၂၀၁၇)

ရက်နေ့၊ ညနေ ရုံးချိန်ပြင်ပ (၅:၁၆)မိနစ်တွင် ရုံးတက်ရုံးဆင်း Finger Print ရိုက်နှိပ်ပြီး၊ ငွေကြေးအရှုပ်အရှင်းအား လာရောက်ဖြေရှင်းပေးမည်ဟု အာမခံပြောဆို၍ ပြန်သွားခဲ့ကြောင်း၊ (၇) ဖြေရှင်းခြင်းမရှိခဲ့သဖြင့် (၂၈-၇-၂၀၁၇) ရက်နေ့တွင် ၎င်းအား အလုပ်ဆုတ်စာနှင့် ငွေကြေးကိစ္စဖြေရှင်းပေးရန် အကြောင်းကြားစာကို အမှတ်(၁၀)ရပ်ကွက်၊ ရွှေပြည်သာအုပ်ချုပ်ရေးမှူးရုံးမှတဆင့် ပေးပို့ခဲ့ကြောင်း၊ (၃၁-၇-၂၀၁၇) ရက်နေ့အထိ ဖြေရှင်းခြင်းမရှိခဲ့ကြောင်း၊ ထိုနေ့တွင်ပင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှတဆင့် သွားရောက်ခေါ်ဆောင်၍ လစဉ် ၃၀၀၀၀၀ိ/- အရစ်ကျပေးသွင်းရန် ညှိနှိုင်းရာ ဒေါ်စောသန္တာနွယ်က လက်မခံခဲ့ကြောင်း၊ (၈) တိုင်းခုံသမာဓိအဖွဲ့က ကုမ္ပဏီသို့ အမှုအတွက် ကွင်းဆင်းစစ်ဆေးရာတွင် (၂၄-၆-၂၀၁၇) ရက်နေ့တွင် ၂၀၆၄၄၅ ကျပ်၊ (၂၆-၆-၂၀၁၇) ရက်နေ့တွင် ၁၄၄၅၉ ကျပ်၊ (၂၈-၆-၂၀၁၇) ရက်နေ့တွင် ၁၄၃၁၆၅ ကျပ်တို့ကို ကရဝိတ်စားသောက်ဆိုင်မှ အလီလီထုတ်ယူထားပြီး အကြွေးစာရင်းဖော်ပြထားမှုရှိသည်ဟု ဖော်ပြထားကြောင်း၊ (၉) ကုမ္ပဏီမှ ဒေါ်စောသန္တာနွယ် ထုတ်ယူသွားသောငွေ ၁၉၆၂၈၂၂ ကျပ်အား တစ်ပြားတစ်ချပ်မှ မရခဲ့ကြောင်း၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အရ ငွေကြေးအလွဲသုံးစားပြုလုပ်ထားသော ဒေါ်စောသန္တာနွယ်အား ထပ်မံ၍ လုပ်ခကရုဏာကြေး ၃၀၀၀၀၀ိ/- ထုတ်ပေးရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့မှုမှာ အငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၅ (က) (ခ) (ဂ) (ဃ) များနှင့် ညီညွတ်မှုမရှိဘဲ ဆုံးဖြတ်ခဲ့ခြင်းဖြစ်နေကြောင်း စသောအချက်များပါရှိပါသည်။

၂၀။ ခုံအဖွဲ့မှ အမှုစစ်ဆေးရာတွင် အလုပ်ရှင်ဘက်မှ ထွက်ဆိုချက်များမှာ (၁) ပစ္စည်းပို့ရာတွင် ဒေါ်စောသန္တာနွယ်နှင့်အတူ တာဝန်ချထားခံရသူအမည်စာရင်းနှင့် နေ့အလိုက် အတူတူသွားသူများ၏ အမည်စာရင်းကိုမတင်ပြနိုင်ကြောင်း၊ (၂) ပစ္စည်းရောင်းပြီးရငွေအပ်နှံသည့်ငွေစာရင်းရှင်းတမ်း (Daily Report) တင်ပြနိုင်ကြောင်း၊ ဧပြီလ၊ မေလ၏စာရင်း ရေနစ်မြုပ်သွား၍ မတင်ပြနိုင်ကြောင်း၊ ငွေစာရင်းစာအုပ်မတင်ပြနိုင်ကြောင်း၊ (၃) MD မှ ဦးစိုင်းသိန်းထိုက်အောင်ထံကို ငွေအပ်ရန်ပြောသည်ကိုမကြားမိကြောင်း၊Cashierမှတဆင့်အပ်ရပါကြောင်း၊ (၄) ဦးစိုင်းသိန်းထိုက်အောင်အား ကားပေါ်တွင် ငွေရှင်းပေးသည်ဟုပြောသော်လည်း၊ (၅-၆-၂၀၁၇) ရက်နေ့၊ (၁၂-၆-၂၀၁၇) ရက်နေ့နှင့် (၂၀-၆-၂၀၁၇) ရက်နေ့များတွင် ဦးစိုင်းသိန်းထိုက်အောင် ပစ္စည်းပို့တာဝန်ယူခဲ့ပြီး၊ ၎င်းကိုယ်တိုင် Report ဖြင့် Cashier သို့ အပ်ခဲ့ကြောင်း၊ (၅) ဒေါ်စောသန္တာနွယ်ရောင်းသည့် စာရွက်စာတမ်း (၃) စောင်တင်ပြထားကြောင်း၊ (၆) ဦးစိုင်းသိန်းထိုက်အောင် ဧပြီလမှ ဇွန်လအတွင်း Marketing သီးသန့်ဆင်းတာမျိုးမရှိကြောင်း၊ (၇) အလွဲသုံးစားလုပ်သည်ဟုပြောရခြင်းမှာ ဒေါ်စောသန္တာနွယ်အနေဖြင့် Report ဖြင့် Cashier ကို အပ်နှံထားခြင်းမရှိ၍ဖြစ်ကြောင်း၊ (၈) ကရဝိတ်၏အကြွေးဆိုလျှင် Report မရေးပါကြောင်း စသောအချက်များဖြစ်ပါသည်။

၂၁။ ခုံအဖွဲ့မှ အမှုစစ်ဆေးရာတွင် အလုပ်သမားဘက်မှ ထွက်ဆိုချက်များမှာ (၁) ကရဝိတ်ကို အကြွေးပို့တာမဟုတ်ကြောင်း၊ (၂) ရက်၊ (၃)ရက်တစ်ကြိမ် Cash ကို ပေးကြောင်း၊ (၂) (၅/၂၀၁၇) လနှင့် (၆/၂၀၁၇)လတွင် ဦးစိုင်းသိန်းထိုက်အောင်နှင့်သာသွားကြောင်း၊ ကျွန်မခွင့်ယူသည့်နေ့များတွင် သူတစ်ဦးတည်းသွားပါကြောင်း၊ (၆/၂၀၁၇) လတွင် ခွင့်(၂)ရက်ယူခဲ့ကြောင်း၊ (၃) (၅/၂၀၁၇) လတွင် ရေကြီးမှု၊ ရုံးတွင်းရေဝင်မှုဖြစ်ခဲ့ပြီး စာရွက်စာတမ်းများမပျက်စီးပါ။ Account Computer တစ်ခုသာရေဝင်ပြီး (၂)ရက်အတွင်း ပြန်လည်ပြင်ဆင်ရရှိကြောင်း၊ (၄) (၂၄-၆-၂၀၁၇) ရက်နေ့နှင့် (၂၈-၆-၂၀၁၇) ရက်နေ့အတွက် Cashier ထံငွေအပ်ခဲ့ဖူးပြီး၊ ယခင်က Cashier သို့ မအပ်ဖူးကြောင်း၊ ဦးစိုင်းသိန်းထိုက်အောင်ကိုလည်း ဘောက်ချာနှင့်ငွေသာအပ်နှံခဲ့ကြောင်း စသောအချက်များဖြစ်ပါသည်။

<u>သုံးသပ်ချက်</u>

၂၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ လျော်ကြေးပေးရန် ဆုံးဖြတ်ချက်သည် ခုံသမာဓိအဖွဲ့က ချမှတ်ထားသည့် အလုပ်ရှင်စစ်ခံရသူ ဒေါ်စောသန္တာနွယ်အား နို့တစ်ကြေးနှင့် အလုပ်ရပ်စဲမှုနစ်နာကြေးပေးသင့်/မပေးသင့်ဆိုသော ကောက်ချက်နှင့် လိုက်လျောညီထွေမှုမရှိဟု သုံးသပ်ပါသည်။

၂၃။ ခုံသမာဓိအဖွဲ့မှ ဦးကျော်ရီဦး၊ ဒေါက်တာခင်မောင်အေး၊ ဦးကျင်သိန်းတို့ပါဝင်သော အဖွဲ့ခွဲက အမှုကို (၂၂-၉-၂၀၁၇) နှင့် (၁၉-၁၀-၂၀၁၇) ရက်နေ့များတွင် စစ်ဆေးခဲ့ပါသည်။ (၃-၁၀-၂၀၁၇) ရက်နေ့တွင် ဦးကျော်ရီဦး၊ ဦးကျင်သိန်း၊ ဦးအောင်ကျော်ထွန်းနိုင်ဦးတို့က ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

၂၄။ ခုံသမာဓိအဖွဲ့က ဒေါ်စောသန္တာနွယ်မှ ပစ္စည်းပို့ရာတွင် ငွေရှင်းမှုကိုတစ်လဆိုင်းပြီး အလီလီငွေထုတ်ခဲ့၍ ကုမ္ပဏီသို့ ငွေအပ်နှံမှုမရှိခြင်း၊ပြန်လည်ပေးဆပ်ရန် ငြင်းပယ်ခြင်းကြောင့် ငွေကြေးအလွဲသုံးစားပြုမှုကျူးလွန်ခဲ့ခြင်းဖြစ်သည်ဟု ကြီးလေးသောပြစ်မှုသတ်မှတ်ပြီး အလုပ်ရှင်မှ အလုပ်ထုတ်ပယ်ခဲ့သည့်အတွက် နို့တစ်ကြေးနှင့် နစ်နာကြေးပေးရန် သင့်/မသင့် စဉ်းစားဆုံးဖြတ်ရန်လိုအပ်သည်ဟု သုံးသပ်ချက်နှင့် အလုပ်သမားအပေါ် အမှုဖွင့်အရေးယူထားသဖြင့် ခုံသမာဓိအဖွဲ့၊ အဖွဲ့ခွဲအနေဖြင့် တောင်းဆိုထားသောနစ်နာကြေးသည် တရားဥပဒေနှင့် ဆက်စပ်နေသော ကြောင့် တစ်စုံတစ်ရာဆုံးဖြတ်ခြင်းမပြုဘဲ အလုပ်သမားအနေဖြင့် ကျန်းမာရေးမကောင်းမှု၊ အလုပ်လက်မဲ့ဖြစ်ပေါ်မှုအပေါ် လျော်ကြေးပေးသင့်ကြောင်း သုံးသပ်ချက်များမှာ အမှုတွင်ပေါ်ပေါက်သော အချက်အလက်များကိုအခြေခံ၍ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ပိုင်ခွင့်အရ ဆုံးဖြတ်ရန်လိုအပ်ကြောင်း တွေ့ရှိရပါသည်။

၂၅။ အမှုမှာ အလုပ်သမား အလုပ်ထုတ်ခံရမှုအတွက် ဆောင်ရွက်ပေးရန်တိုင်ကြားမှုဖြစ်ပါသည်။ အလုပ်ရှင်က အလုပ်သမားအား ငွေကြေးအလွဲသုံးစားမှုအတွက် တိုင်ကြားမှုမဟုတ်ပါ။ လုပ်ငန်းခွင်နှင့် သက်ဆိုင်သည့်အကြောင်းအရာပေါ် အခြေခံ၍ အလုပ်ထုတ်မှုဖြစ်သဖြင့် ထိုအကြောင်းအရာ မှန်/မမှန်အပေါ် အခြေခံ၍ ဆုံးဖြတ်ရမည်သာဖြစ်သည်ဟု သုံးသပ်ပါသည်။

၂၆။ Marketing ဆင်းရာတွင် နေ့အလိုက်အတူတူသွားသူများ၏ အမည်စာရင်းကိုလည်းကောင်း၊ ဒေါ်စောသန္တာနွယ်နှင့်အတူ တာဝန်ချထားခံရသူ၏အမည်စာရင်းကိုလည်းကောင်း၊ တစ်လဆိုင်း အကြွေးချစနစ်ဖြင့် Summit နှင့် ကရဝိတ်တို့ကို ပေးပို့ခွင့်တောင်းခံခဲ့သဖြင့် အလုပ်ရှင်မှ အလုပ်သမားအား လုပ်ခွင့်ပေးခဲ့ကြောင်း ထွက်ဆိုချက်ရှိပြီး၊ အလုပ်သမားက (၁)လဆိုင်းမှာ Summit Park View နှင့် Sedona တို့ဖြစ်ပြီး၊ ကရဝိတ်မပါဝင်ကြောင်း ထွက်ဆိုမှုရှိပါသည်။ အလုပ်ရှင်အား (၁)လဆိုင်း အကြွေးရောင်းခွင့်တောင်းဆိုမှုနှင့် ခွင့်ပြုမှုမှတ်တမ်းများ အလုပ်ရှင်ဘက်မှ တင်ပြခြင်းမရှိပါ။ နှုတ်ဖြင့်ခွင့်ပြုခဲ့သည်ဟုထွက်ဆိုမှုရှိပါသည်။ကရဝိတ်စားသောက်ဆိုင်မှ ဒေါ်စောသန္တာနွယ်အား အခါအားလျော်စွာငွေပေးချေသည့်အတွက် ကရဝိတ်မှ လဆိုင်းစနစ်ဖြင့် ကုန်ဝယ်မှုမပြုဟု တွေ့ရှိနိုင်ပါသည်။

၂၇။ ကရဝိတ်အရောင်းဆိုင်ကို ရုံးသို့အကြွေးစာရင်းဖြင့်သာ ပြသထားကြောင်း၊ ပို့သည့်ပစ္စည်းအတွက် ငွေပြန်အပ်သောအခါ အကြွေးဆိုရင်အကြွေး၊ လက်ငင်းဆိုရင်လက်ငင်းဆိုပြီး မှတ်သားထားသော စာရင်းရှိပြီး၊ ပိုက်ဆံသိမ်းသူကိုယ်တိုင် လက်မှတ်ထိုးပြီး Cashier ထံအပ်နှံရကြောင်း၊ ထိုစာရင်း (Report) ဖြင့် ပစ္စည်းပို့သူမှ နေ့စဉ်ကိုယ်တိုင်အပ်ရသည်ဟု Cashier ၏ ထွက်ဆိုချက်ရှိကြောင်း၊ Summit နှင့် ကရဝိတ်တို့ (၁)လဆိုင်းဖြစ်၍ အကြွေးစာရင်းထဲ ထည့်မထားကြောင်း၊ ဦးစိုင်းသိန်းထိုက်အောင်အားစစ်ဆေးချက်အရ ကရဝိတ်မှငွေများကို ဒေါ်စောသန္တာနွယ်မှ အပ်နှံမှုမရှိကြောင်း အလုပ်ရှင်ဘက်မှ ထွက်ဆိုခဲ့ပါသည်။ ဦးစိုင်းသိန်းထိုက်အောင် Cashier ထံ ငွေအပ်နှံသော (၅-၆-၂၀၁၇) ရက်နေ့၊ (၁၂-၆-၂၀၁၇) ရက်နေ့နှင့် (၂၀-၆-၂၀၁၇) ရက်နေ့များအတွက် Report များတွင် ကရဝိတ်အမည်ဖြင့် အကြွေးစာရင်းအဖြစ် မှတ်တမ်းတင်ထားမှုရှိကြောင်း တွေ့ရှိရပါသည်။ အလုပ်သမားဘက်မှ ဘောက်ချာနှင့်ငွေကို ဦးစိုင်းသိန်းထိုက်အောင်အား အပ်ခဲ့ကြောင်း ထွက်ဆိုခဲ့ပါသည်။

၂၈။ အမှုတွဲမှတ်တမ်းများအရ အလုပ်သမားက (၂၄-၆-၂၀၁၇) ရက်နေ့၊ (၂၆-၆-၂၀၁၇) ရက်နေ့နှင့် (၂၈-၆-၂၀၁၇) ရက်နေ့တို့အတွက် ငွေအပ်ဇယား(Report)နှင့် Cashier သို့ အပ်နှံခဲ့မှုးခြင်းရှိကြောင်း ထွက်ဆိုပါသည်။ အလုပ်ရှင်ဘက်မှ ထွက်ဆိုရာတွင် ၂၀၁၇ ခုနှစ်၊ ဧပြီလမှ ဇွန်လအတွင်း ဦးစိုင်းသိန်းထိုက်အောင် Marketing သီးသန့်ဆင်းတာမျိုးမရှိဟု ထွက်ဆိုချက်ရှိပါသည်။ အလုပ်ရှင်ဘက်မှ တင်ပြချက်အရ ဦးစိုင်းသိန်းထိုက်အောင် Marketing လုပ်ရသည်ဆိုသော

(၅-၆-၂၀၁၇) ရက်နေ့၊ (၁၂-၆-၂၀၁၇) ရက်နေ့နှင့် (၂၀-၆-၂၀၁၇ ရက်နေ့များအတွက် ယင်းက Cashier ထံ ငွေအပ်စာရင်းဖြင့် အပ်နှံမှုပြုခဲ့ပြီး၊ Marketing သီးခြားဆင်းရသည်ဟု ထွက်ဆိုမှုမရှိသော (၂၈-၅-၂၀၁၇) ၊ (၆-၆-၂၀၁၇) ရက်နေ့၊(၈-၆-၂၀၁၇) ရက်နေ့၊ (၁၇-၆-၂၀၁၇) ရက်နေ့၊ (၂၁-၆-၂၀၁၇) ရက်နေ့နှင့် (၂၂-၆-၂၀၁၇) ရက်နေ့များအတွက် ဦးစိုင်းသိန်းထိုက်အောင်က Cashier ထံ ငွေအပ်စာရင်းဖြင့် အပ်နှံမှုပြုခဲ့ကြောင်း တွေ့ရှိရသည်။

၂၉။ အလုပ်ရှင်ဘက်မှ ထွက်ဆိုချက်အရ Marketing ဆင်းသူကိုယ်တိုင် Report စာရင်းဖြင့် Cashier ထံ အပ်နှံရမည်ဖြစ်ပါသည်။ ဒေါ်စောသန္တာနွယ် Marketing ဆင်းခဲ့သည့် ၂၀၁၇ ခုနှစ်၊ ဧပြီလမှ ဇွန်လအတွင်း ကုမ္ပဏီသို့ Marketing ဆင်း၀န်ထမ်းများ အပ်နှံသည့် Report စာရင်းများကို တင်ပြစေရန် ဆောင်ရွက်ခဲ့ရာ ၂၀၁၇ ခုနှစ်၊ ဧပြီလနှင့် မေလအတွက် စာရင်းများ ရေကြီးမှုကြောင့် ပျက်စီးသည်ဟုထွက်ဆိုခဲ့ပြီး၊ ၂၀၁၇ ခုနှစ်၊ ဇွန်လအတွက် စာရင်းများကို တင်ပြခဲ့ပါသည်။ ထိုစာရင်းများအနက် အမှုတွဲနှင့် ဆက်စပ်နေသည့်ပုဂ္ဂိုလ်(၂)ဦးဖြစ်သော ဦးစိုင်းသိန်းထိုက်အောင်နှင့် ဒေါ်စောသန္တာနွယ်တို့ အပ်နှံသည့်စာရင်းများ ရှိ/မရှိကြည့်ရှုရာ ဦးစိုင်းသိန်းထိုက်အောင်က အထက်ပါအပိုဒ်ပါအတိုင်း Cashier ထံအပ်နှံထားမှုစာရင်းများရှိပြီး၊ ဒေါ်စောသန္တာနွယ်အပ်နှံထားသည့်စာရင်းများ တစ်စောင်မှမပါ၀င်၊မရှိကြောင်း တွေ့ရှိရပါသည်။

၃၀။ ငွေစာရင်းလုပ်ထုံးလုပ်နည်းများအရ ငွေစာရင်းစာအုပ်ထားရှိ ရေးမှတ်ရမည်ဖြစ်၍ ကုမ္ပဏီ ငွေထွက်၊ငွေ၀င်စာရင်းစာအုပ်တွင် အထက်ပါငွေကိစ္စရပ်များအတွက် မှတ်တမ်းတင်ထားမှုရှိ/မရှိ သိရှိနိုင်ရန် ထိုစာအုပ်အား တင်ပြစေသော်လည်း အလုပ်ရှင်ဘက်က ထိုစာအုပ်မျိုးမတင်ပြနိုင်ကြောင်း ထွက်ဆိုချက်ရှိပါသည်။

၃၁။ ခြုံငုံ၍သုံးသပ်ရလျှင် အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(က) ဒေါ်စောသန္တာနွယ်နှင့်အတူ Marketing ဆင်းသူ မည်သူများဖြစ်ကြောင်း မတင်ပြနိုင်သဖြင့် ဒေါ်စောသန္တာနွယ်မှ ဦးစိုင်းသိန်းထိုက်အောင်အား ငွေအပ်/မအပ် ထွက်ဆိုချက်ရယူနိုင်ခြင်းမရှိပါ။

(ခ) Summit Park View နှင့် ကရ၀ိတ်အား လဆိုင်းစနစ်ဖြင့် ကုန်ပေးပို့စေရန် အလုပ်သမားက တောင်းဆိုသဖြင့် နှုတ်ဖြင့် ခွင့်ပြုခဲ့သည်ဟု အလုပ်ရှင်ဘက်ကတင်ပြခဲ့ပြီး အလုပ်သမားက ကရ၀ိတ်မပါရှိကြောင်း ငြင်းဆိုခဲ့ပါသည်။ အလုပ်ရှင်ဘက်မှ ကရ၀ိတ်အား လဆိုင်းစနစ်ဖြင့် ကုန်ပေးပို့ရန် အထောက်အထားမရှိခြင်းမှာ လဆိုင်းစနစ်ဖြင့် ပေးပို့မှုဟုတ်/မဟုတ် စိစစ်နိုင်ခဲ့ခြင်းမရှိပါ ။ လဆိုင်းစနစ်ဖြင့် ကုန်ပေးပို့ကြောင်း ကရ၀ိတ်သို့ အသိပေးထားခြင်းရှိ/မရှိ မသိရသော်လည်း ကရ၀ိတ်မှ အခါ

အားလျော့စွာ အလုပ်သမားအား ငွေထုတ်ပေးသဖြင့် ကရဝိတ်အနေဖြင့် Mandalay Bay ကုမ္ပဏီမှ လဆိုင်းစနစ်ဖြင့် ရောင်းချကြောင်းကိစ္စ တစ်စုံတစ်ရာပါဝင် ပတ်သက်ရန် အကြောင်းမပေါ်ပေါက်ဟု တွေ့ရှိနိုင်ပါသည်။

(ဂ) ကုန်ပို့ပြီး ပိုက်ဆံသိမ်းသူများက Report စာရင်းဖြင့် Cashier ထံ ငွေအပ်နှံရသည်မှာ ကုမ္ပဏီ၏လုပ်ထုံးလုပ်နည်းဖြစ်သည်ဟု အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်စလုံးမှ လက်ခံသည်ကို တွေ့ရှိရပါသည်။ အလုပ်သမားအနေဖြင့် (၂၄-၆-၂၀၁၇) ရက်နေ့၊ (၂၆-၆-၂၀၁၇) ရက်နေ့နှင့် (၂၈-၆-၂၀၁၇) ရက်နေ့တို့အတွက် Cashier ထံ လုပ်ထုံးလုပ်နည်းအရ ငွေအပ်နှံမှုရှိခဲ့ပြီး၊ ဦးစိုင်းသိန်းထိုက်အောင်အနေဖြင့် Marketing လုပ်ရသည်ဆိုသော (၅-၆-၂၀၁၇) ရက်နေ့၊ (၁၂-၆-၂၀၁၇) ရက်နေ့နှင့် (၂၀-၆-၂၀၁၇) ရက်နေ့များအတွက် Cashier ထံ ငွေအပ်စာရင်းဖြင့် အပ်နှံမှုပြုခဲ့မှုရှိပါသည်။ Marketing ဆင်းရသည်ဟု တွက်ဆိုမှုမရှိသော (၂၈-၅-၂၀၁၇) ရက်နေ့၊ (၆-၆-၂၀၁၇) ရက်နေ့၊ (၈-၆-၂၀၁၇) ရက်နေ့၊ (၁၇-၆-၂၀၁၇) ရက်နေ့၊ (၂၁-၆-၂၀၁၇) ရက်နေ့နှင့် (၂၂-၆-၂၀၁၇) ရက်နေ့များအတွက် Cashier ထံ ငွေအပ်စာရင်းဖြင့် အပ်နှံထားမှုရှိပါသည်။ ထိုအချက်များအရ ဦးစိုင်းသိန်းထိုက်အောင် Marketing သီးခြားဆင်းသောရက်အတွက်လည်းကောင်း၊ သီးခြား Marketing မဆင်းရသော အခြားသူများနှင့်အတူဆင်းသည့်ရက်များအတွက်လည်းကောင်း၊ Cashier ထံ ငွေအပ်နှံမှုပြုခဲ့ကြောင်း ပြဆိုပါသည်။

(ဃ) အလုပ်သမားသည် ၂၀၁၇ ခုနှစ်၊ ဧပြီလမှ ဇွန်လကုန်အထိ Marketing ဆင်းခဲ့ပြီး၊ ထိုငွေများကို Cashier ထံ အပ်နှံရန်မှာ ယင်း၏တာဝန်ဟု အလုပ်ရှင်ဘက်မှ သတ်မှတ်မှုရှိပါသည်။ ထိုတာဝန်နှင့်အညီ အလုပ်သမားက အပ်နှံရမည်ဆိုလျှင် အပ်နှံသည့်စာရင်း၊ အထောက်အထားများကို စိစစ်နိုင်ရန် အလုပ်ရှင်မှ တင်ပြရမည်ဖြစ်သော်လည်း အထက်တွင် ဖော်ပြခဲ့သည့် (၂၄-၆-၂၀၁၇) ရက်နေ့၊ (၂၆-၆-၂၀၁၇) ရက်နေ့နှင့် (၂၈-၆-၂၀၁၇) ရက်နေ့ စုစုပေါင်း (၃)ရက်အတွက် အထောက်အထားများကိုသာ တင်ပြခဲ့၍ အလုပ်သမား ကရဝိတ်မှထုတ်ယူခဲ့သောငွေကို အလုပ်ရှင်ထံ မအပ်နှံမှုဟူသောအချက်ကို စိစစ်မှုမပြုနိုင်ပါ။ ထို့ပြင် ဦးစိုင်းသိန်းထိုက်အောင်မှ (၂၈-၅-၂၀၁၇) ရက်နေ့၊ (၆-၆-၂၀၁၇) ရက်နေ့၊ (၈-၆-၂၀၁၇) ရက်နေ့၊ (၁၇-၆-၂၀၁၇) ရက်နေ့၊ (၂၁-၆-၂၀၁၇) ရက်နေ့နှင့် (၂၂-၆-၂၀၁၇) ရက်နေ့များအတွက် Cashier ထံ ငွေအပ်နှံသည့်စာရင်းများကိုသာ တင်ပြမှုရှိပါသည်။ အလုပ်သမား Marketing ဆင်းသည့် အခြားကာလများအတွက်လည်း တင်ပြထားခြင်းမရှိပါ ။

ထိုကဲ့သို့ အလုပ်သမား Marketing ဆင်းသည့်ကာလများအတွက် ဆိုင်များစွာမှ ရရှိငွေများကို Cashier ထံ ငွေအပ်နှံသည့် Report မရှိသောအချက်ကို အလုပ်ရှင်ဘက်မှ တစ်စုံတစ်ရာဆောင်ရွက်မှုရှိသည်ဟု အမှုတွဲ၌ မတွေ့ရှိရပါ။ ထိုသို့ ငွေမအပ်သော်လည်း အလုပ်သမားအား အရေးယူမှုမရှိခြင်းမှာ အလုပ်သမား Marketing ဆင်း၍ရငွေကို ကုမ္ပဏီက အခြားနည်းလမ်းတစ်ခုဖြင့် ရရှိနေသောကြောင့်ဟု သုံးသပ်နိုင်ပါသည်။ ထို့ပြင် Marketing တာဝန်မရှိသောရက်များအတွက် ဦးစိုင်းသိန်းထိုက်အောင် Cashier ထံ ငွေအပ်နှံမှုမှာ Marketing ဆင်းသူတစ်ဦးဦးထံမှ ငွေရ၍ သွင်းခြင်းမျိုးဖြစ်နိုင်ကြောင်း ခုံအဖွဲ့က ယုံကြည်ပါသည်။ Cashier ထံ အလုပ်သမား ငွေအပ်နှံမှုကို အလုပ်ရှင်ဘက်မှ Report စုံအောင် တင်ပြခြင်းမပြု၍ စိစစ်မှုမပြုနိုင်ခဲ့သော်လည်း ငွေစာရင်းစာအုပ်(Cash Book) တွင် ရေးမှတ်ပါက စိစစ်နိုင်မည်ဖြစ်သဖြင့် ထိုစာအုပ်ကိုတင်ပြစေရာ ကုမ္ပဏီမှ ငွေစာရင်းစာအုပ် (Cash Book) မတင်ပြခြင်းကြောင့် ကရဝိတ်မှ ရယူထားငွေများကို အလုပ်သမားမှ သက်ဆိုင်ရာသို့ အပ်နှံမှုပြု/မပြုကိုလည်း Cash Book ဖြင့် စိစစ်နိုင်ခြင်းမရှိပါ။

၃၂။ အထက်ပါအချက်များအရ အလုပ်ရှင်အနေဖြင့် အလုပ်သမားက ကရဝိတ်မှထုတ်ယူခဲ့သော ငွေများကို မအပ်နှံကြောင်း အထောက်အထားခိုင်ခိုင်မာမာဖြင့် ပြည့်ပြည့်စုံစုံတင်ပြနိုင်ခြင်းမရှိဘဲ အလုပ်သမားအား အလုပ်ထုတ်ခြင်းမှာ မပြုလုပ်သင့်သည့်အချက်ဟု သုံးသပ်ပါသည်။ သို့ဖြစ်၍ အောက်ပါအတိုင်းဆုံးဖြတ်လိုက်သည်-

**ဆုံးဖြတ်ချက်။** ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၉၈/၂၀၁၇) ပါ ဆုံးဖြတ်ချက်ကို ပယ်ဖျက်လိုက်ပြီး၊ အလုပ်သမား ဒေါ်စောသန္တာနွယ်အား နို့တစ်မပေးဘဲ အလုပ်ရှင်မှ အလုပ်ထုတ်ခဲ့ခြင်းအတွက် နို့တစ်ကြေး (၁)လစာ ၄၀၀,၀၀၀ိ/-နှင့် လုပ်သက်အလိုက်နစ်နာကြေး လဝက်စာအတွက် ၂၀၀,၀၀၀ိ/-၊ စုစုပေါင်း ၆၀၀,၀၀၀ိ/-(ကျပ်ခြောက်သိန်းတိတိ)ပေးစေရန် ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၃၃။ အထက်ပါဆုံးဖြတ်ချက်အရပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀ အတွင်း ပေးရမည်။ ငွေပေးရန်ပျက်ကွက်လျှင် အဆိုပါငွေကို အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၉ အရ မြေခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

| | | |
|---|---|---|
| ဦးညွန့်စိန် | ဦးအောင်သန်း | ဦးသိန်းကြွယ် |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |